EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၃

ဖေဖော်ဝါရီ ၁၉ ရက်၊ ၂၀၁၉



## မွန်ပြည်နယ်လွှတ်တော်တွင် information စင်တာ ထားရှိမည်

**ဖေဖော်ဝါရီ ၇၊ ၂၀၁၉**

မွန်ပြည်နယ်လွှတ်တော်တွင် လွှတ်တော်နှင့် ပြည်သူများအကြား သတင်းအချက်အလက်များကို သိရှိစေနိုင်ရန်အတွက် information စင်တာတစ်ခု ထားရှိသွားရန် စီစဉ်လျက်ရှိကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

ယင်းအစီအစဉ်အတွက် UNDP မှ ကွန်ပျူတာများနှင့် နည်းပညာများကို ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ယခုလကုန်ပိုင်းတွင် ကွန်ပျူတာစုစုပေါင်း အလုံး ၂၀ လာရောက်ပေးအပ်မည်ဖြစ်ကြောင်း ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

လွှတ်တော်က အဆိုပါစင်တာအတွက် ဒေတာသိုလှောင်နိုင်မည့် စင်တာတစ်ခု ဆောက်လုပ်နိုင်ရန် ဘတ်ဂျက်တင်ပြတောင်းခံထားပြီး လာမည့် ၂၀၁၉ နှစ်လယ်ပိုင်းတွင် စတင်နိုင်ရန် မျှော်မှန်းထားကြောင်း၊ အဆိုပါစင်တာပြီးမြောက်ပါက လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများကို လွှတ်တော်မှအလွယ်တကူဆက်သွယ်နိုင်သည့် နည်းလမ်းများ ထားရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောသည်။

"ရုံးမှာသိမ်းထားတဲ့ စာအုပ်တွေ၊ စာရွက်စာတမ်းတွေကို ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူလူထုထဲရောက်လို့ ပြည်သူလူထုက သိချင်တာမေးရင် သူ့ဖုန်းကတစ်ဆင့် ဖတ်လို့ရအောင် ဖန်တီးပေးတဲ့ သဘောပါ" ဟု ရှင်းပြသည်။

ပြည်သူလူထုမှ သတင်းအချက်အလက်များကို သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်၊ ပေ့ချ်၊ ကိုယ်ပိုင်ဆော့ဝဲလ်ပုံစံသော်လည်းကောင်း တစ်နည်းနည်းဖြင့် လုပ်ဆောင်သွားရန်ရှိကြောင်း သိရသည်။

**(ကိုးကား:-https://www.hintharmedia.com)**

## ချင်းပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးအောင်သန်း ရာထူးမှ ရပ်နားမည်ဟု သတင်းများထွက်ပေါ်

**ဖေဖော်ဝါရီ ၁၆၊ ၂၀၁၉**

ချင်းပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးအောင်သန်း ရာထူးမှရပ်နားမည်ဖြစ်ကြောင်း အစည်းအဝေးတစ်ခုတွင် လွှတ်တော်ဥက္ကဋ္ဌ ပူးဇိုဘွေက ပြောကြားခဲ့ပြီး အဘယ့်ကြောင့်ဆိုသည်ကို မသိရဟု ချင်းပြည်နယ်လွှတ်တော်အမတ် ပူးဇန်ထောင်းနှင့် ဦးတိတ်ထိန်းတို့က ပြောသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်ဥက္ကဋ္ဌ ပူးဇိုဘွေထံဆက်သွယ်ရာ အဆက်အသွယ်မရသေးကြောင်းနှင့် လွှတ်တော် ဒုဥက္ကဋ္ဌ ဦးအောင်သန်းကို ဆက်သွယ်မေးမြန်းခဲ့ရာတွင် ဖြေကြားရန် ငြင်းဆိုခဲ့သည်ဟု Chinland post မှ သိရသည်။

ဦးအောင်သန်းသည် ၁၉၉၀ မှစတင်၍ မင်းတပ်မြို့နယ် NLD တွင် အင်တိုက်အားတိုက်ပါဝင်ခဲ့သူဖြစ်ပြီး လူထုထောက်ခံမှုကိုလည်း ရယူနိုင်ခဲ့သူဖြစ်သည်။ သို့သော် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မင်းတပ်အမတ်လောင်းရွေးချယ်ရာတွင် ပါတီတွင်း အမတ်လောင်း ဦးလိန်းနိုင်းကိုဖယ်ရှားပြီး ၎င်း၏သမက်ဖြစ်သူ ဦးနေလင်းအောင် (ဗမာလူမျိုး)ကို ထည့်သွင်းရာမှ ပါတီတွင်းပြဿနာများရှိခဲ့ဖူးသည်ဟု ဒေသခံတစ်ဦးကပြောသည်။ ချင်းပြည်နယ်လွှတ်တော်ကို တပ်မတော်သားကိုယ်စားလှယ် ၆ ဦးအပါအဝင် စုစုပေါင်း ၂၄ ဦးဖြင့် ဖွဲ့စည်းထားသည်။

**(ကိုးကား:- https://thechinlandpost.info)**

# ဝန်ကြီးချုပ်ကိုစ တိုင်းလွှတ်တော်မှ ပြည်ထောင်စုသို့ အစီရင်ခံ၊ လိုအပ်က စွပ်စွဲပြစ်တင်ရန် အသင့်

**ဖေဖော်ဝါရီ ၁၂၊ ၂၀၁၉**

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့်ပတ်သက်သော လေ့လာတွေ့ရှိချက်များကို ပြည်ထောင်စုသို့ အစီရင်ခံတင်ပြထားကြောင်း တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

တိုင်းလွှတ်တော်၏ ရွေးကောက်ခံကိုယ်စားလှယ် ၁၄ ဦးစလုံး လက်မှတ်ထိုးထားသည့် အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ NLD ဗဟိုတို့ထံ ဇန်နဝါရီလ ၂၈ ရက်က တင်ပြခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာတွင် ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိခန့်ထားသည့်ကိစ္စ၊ ထားဝယ်ခရိုင်လျှပ်စစ်မီးဖြန့်ဖြူးရေးလုပ်ငန်းကို တင်ဒါမခေါ်ဘဲ လုပ်ကိုင်ခွင့်ပေးထားသည့်ကိစ္စ၊ လေယာဉ်ကွင်း ချုံရှင်းခ သိန်း ၄၀၀၀ ကိစ္စ၊ ပုလောမြို့တော်ခန်းမနှင့် နေပြည်တော်ဧည့်ရိပ်သာတည်ဆောက်ရာတွင် တင်ဒါမခေါ်သည့်ကိစ္စ အစရှိသည့်အချက်များပါဝင်ကြောင်း ဦးခင်မောင်အေး က ပြောသည်။


ဓာတ်ပုံ-Dawei Watch

"ပြည်သူများရဲ့တင်ပြချက်အရ ဒီအချက်အလက်တွေအပေါ်မှာ လွှတ်တော်ကသိထားတဲ့ စာရွက်စာတမ်းတွေကို တွဲပြီးပေးပို့တယ်"ဟု ၎င်းက ဆိုသည်။

တနင်္သာရီတိုင်းလွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် ၂၁ ဦးရှိသည့်အနက် ၇ ဦးမှာ တိုင်းအစိုးရအဖွဲ့ဝင်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများဖြစ်နေရာ ယခုလက်မှတ်ရေးထိုးအစီရင်ခံခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ၁၄ဦးမှာတိုင်းလွှတ်တော်၏အစိုးရအဖွဲ့ဝင်မဟုတ်သော ရွေးကောက်ခံကိုယ်စားလှယ်အားလုံးဖြစ်သည်။ လက်ရှိတွင် တိုင်းလွှတ်တော်၏အစီရင်ခံစာ အပါအဝင် တိုင်းသူတိုင်းသားများ၏ တိုင်ကြားမှုများကို ပြည်ထောင်စုမှ မည်သို့အရေးယူဆောင်ရွက်မည်ကို စောင့်ကြည့်နေပြီး လိုအပ်ပါက ဝန်ကြီးချုပ်အား တိုင်းလွှတ်တော်မှ စွပ်စွဲပြစ်တင်မှုပြုလုပ်ရန် အသင့်ရှိနေကြောင်း လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။

"လွှတ်တော်ဘက်ကတွေ့ရှိတဲ့အထောက်အထားတွေကို အရေးမယူဘူးဆိုရင်တော့ တစ်ခြားနည်းနဲ့ပေါ့။ စွပ်စွဲပြစ်တင်တာတို့ လုပ်သင့်ရင် လုပ်ရမှာလေ။ ပြည်သူ့ကိုယ စားလုပ်ရမယ်လေ"ဟု ကော့သောင်းခရိုင်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြော သည်။

ယင်းသို့စွပ်စွဲပြစ်တင်ရန် လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း ဆွေးနွေးထားမှုများလည်း ရှိပြီးဖြစ်ကြောင်း ယင်းလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

**(ကိုးကား-http://www.daweiwatch.com)**

# လှိုင်ကော်သပိတ်စခန်းကို ခွင့်ပြုချက်ဖြင့် ပြည်နယ်လွှတ်တော်ဝင်းအတွင်း ဖွင့်လှစ်မည်

**ဖေဖော်ဝါရီ ၁၀၊ ၂၀၁၉**

သုံးကြိမ်တိုင် ဖြိုးခွင်းခံရသော ဗိုလ်ချုပ်ရုပ်တုပြောင်းရွှေ့ပေးရေး သပိတ်စခန်းကို ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုချက်ဖြင့် ပြည်နယ်လွှတ်တော်အတွင်းရှိ ဟစ်တိုင်ကွင်း၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သပိတ်ဦးဆောင်သူ ကိုဒီးဒီက ပြောသည်။ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပြည်နယ်လွှတ်တော်ရုံး၌ သပိတ်ဦးဆောင်သူများနှင့် လွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံ၍ ဟစ်တိုင်ကွင်းအတွင်း ဥပဒေနှင့်အညီ သပိတ်စခန်းဖွင့်လှစ်ခွင့်ပြုရေး ညှိနှိုင်းရာ ပြေလည်မှုရရှိကြောင်း သပိတ်ဦးဆောင်သူ လူငယ်များက ဆိုသည်။

"ကျွန်တော်တို့ကို လွှတ်တော်ဥက္ကဋ္ဌက ဟစ်တိုင်အသုံးပြုခွင့်ပေးတဲ့ စာထုတ်ပေးတယ်။ ခွင့်ပြုစာမှာတော့ သက်ဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေတွေနဲ့ကိုက်ညီရင် ခွင့်ပြုကြောင်းပါတယ်"ဟု ဟစ်တိုင်ကွင်းအသုံးပြုခွင့်ရရှိရေး လွှတ်တော်ဥက္ကဋ္ဌနှင့် သွားရောက်တွေ့ဆုံရာတွင် ပါဝင်သည့် ကိုဒီးဒီက ပြောသည်။

ဟစ်တိုင်ကွင်းအတွင်း ဖေဖော်ဝါရီ ၁၁ ရက်တွင် ဖွင့်လှစ်မည့် သပိတ်စခန်းကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိသာ ကြွေးကြော်သံများ ကြွေးကြော်ခွင့်ရှိမည်ဖြစ်ကြောင်း လှိုင်ကောင်ခရိုင်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။ ထို့ကြောင့် သပိတ်စခန်းအတွင်း ညအိပ်ခွင့်ရရှိရေး အပါအဝင် သပိတ်စခန်းကြောင့် လွှတ်တော်၏လုပ်ငန်းများ ထိခိုက်မှုမရှိစေရန် လွှတ်တော်ဥက္ကဋ္ဌနှင့် ထပ်မံတွေ့ဆုံကာ ညှိနှိုင်းမှုများဆက်လက်ပြုလုပ်ရန် စီစဉ်ထားကြောင်း သပိတ်ဦးဆောင်လူငယ်များက ဆိုသည်။

လှိုင်ကော်တွင် စိုက်ထူပြီး ဗိုလ်ချုပ်ရုပ်တု နေရာပြောင်းရွှေ့ပေးရေး သပိတ်စခန်းများကို ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ကန္တာဟောဂန်ပန်းခြံရှေ့တစ်ကြိမ်နှင့် ကယားပြည်နယ် ဒီချုပ်ရုံးရှေ့တွင် နှစ်ကြိမ် ဖွင့်လှစ်ခဲ့ရာ အဆိုပါနေရာများသည် ကန့်သတ်နယ်မြေဖြစ်၍ ဥပဒေနှင့်မညီဟုဆိုကာ ရဲတပ်ဖွဲ့ဝင်များက အင်အားသုံးကာ သပိတ်စခန်းများကို ဖြိုခွင်းခဲ့သည်။

လက်ရှိတွင် ၂၀၁၈ ဇွန်လမှ ၂၀၁၉ ဖေဖော်ဝါရီ ၈ ရက်အထိ ဗိုလ်ချုပ်ရုပ်တု ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှုများကြောင့် နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ ငြိမ်းစုစီ ပုဒ်မ ၁၉၊ ၂၀ တို့ဖြင့် တရားစွဲဆိုခံနေရသည့် လူငယ်အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၅၄ဦး ရှိသည်။

**(ကိုးကား-http://7daydaily.com)**

# သတင်းတို

● တာဝန်မှအနားပေးခံရသော ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးနှစ်ဦးကို ကချင်ပြည်နယ် လွှတ်တော်ကော်မတီနှစ်ခု၏ ဥက္ကဋ္ဌနေရာ ပြန်လည်ခန့်အပ်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်က ကျင်းပခဲ့သည့် လွှတ်တော်တွင် ကန့်ကွက်သူမရှိ အတည်ပြုသည်။ရာထူးမှ နုတ်ထွက်ခွင့်ပြုခဲ့သည့် ကချင်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းကို ကချင်ပြည်နယ်လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် နယ်စပ်ရေးရာကော်မတီဥက္ကဋ္ဌ တာဝန်ပေးအပ်ခဲ့သည်။ တာဝန်မှ ရပ်စဲခံရသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်ကို လွှတ်တော် တိုင်းရင်းသားလူမျိုးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

(ကိုးကား-http://7daydaily.com)

● ပြည်သူများကို ကတိပေးထားသည့် အဂတိတရားကင်းရှင်းသော အစိုးရအဖွဲ့ဖြစ်ရေး အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များကို အရေးယူခြင်းဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော် (၃) နှစ်ပြည့် အခမ်းအနား၌ ပြောကြားခဲ့သည်။ ဒီချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (CEC) သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သည့် တိုင်ကြားစာများ လက်ခံရရှိထားပြီး အရေးယူမှုများ ဆက်လက်ရှိလာဦးမည်ဟု ဒေါက်တာဇော်မြင့်မောင်က ဆိုသည်။ လက်ရှိအစိုးရလက်ထက်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ခုနစ်ခုရှိ ဝန်ကြီးချုပ်နှစ်ဦး၊ ဝန်ကြီး ၁၂ ဦး အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ ဒီချုပ်ပါတီသည် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်အချို့ကို ပါတီတာဝန်များမှ ရပ်ဆိုင်းခြင်းနှင့် ပါတီဝင်အဖြစ်မှ ထုတ်ပယ်အရေးယူခြင်းများ ပြုလုပ်ခဲ့သည်။

(ကိုးကား-http://7daydaily.com)



## ကချင်ပြည်နယ်စာရင်းစစ်ချုပ်၏အစီရင်ခံစာ အစိုးရအဖွဲ့အတွက် နာဂရေနွေးကြမ်းကဲ့သို့ ခါးပြီး ရခိုင်မုန့်တီလို စပ်နိုင်ဟုဆို

**ဖေဖော်ဝါရီ ၅၊ ၂၀၁၉**

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေအရအသုံးစစ်ဆေးချက် အစီရင်ခံစာကို ဖေဖော်ဝါရီလ ၄ ရက်က ကချင်ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့သည့်အပေါ် ကိုယ်စားလှယ် ဦးဇော်ဝင်း (တနိုင်း-၂)က "ကချင်ပြည်နယ် စာရင်းစစ်ချုပ်ကြီးရဲ့အစီရင်ခံစာ နားဆင်ရတာဟာ အရင် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် စာရင်းစစ်အစီရင်ခံစာ ကြားနာရတာထက် အရသာစုံတဲ့ ဟော့ပေါ့တခွက် သုံးဆောင်ရသလို အရသာ ရှိလှပါတယ်။ ကျွန်တော်တို့ လွှတ်တော်အပိုင်းဖြစ်တဲ့ ဥပဒေပြုကဏ္ဍက ခံစားရတာ ချိုမြိန်လှပေမယ့် အစိုးရအဖွဲ့အတွက်တော့ နာဂတိုင်းရင်းသားတွေ အမြဲသုံးဆောင်တဲ့ ရေနွေးကြမ်းလို ခါးကောင်း ခါးပါ့မယ်။ ကချင်ဟင်းလို ရခိုင်မုန့်တီလို ငရုတ်သီး စပ်ကောင်း စပ်ပါ့မယ်"ဟု ပြောကြားလိုက်သည်။

ကချင်ပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာတွင် ပြည်နယ်အစိုးရအဖွဲ့သည် ဘဏ္ဍာရေးစည်းမျဉ်းများကို မလိုက်နာဟု ထောက်ပြခဲ့သည်။ ပြည်နယ်စာရင်းစစ်ချုပ် ဦးတင်လှိုင်က "ငွေလုံးငွေရင်း အသုံးစရိတ်တွေနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို စစ်ဆေးတဲ့အခါမှာ သက်ဆိုင်ရာ တည်/ကော် (တည်ဆောက်ရေးကော်မတီ) ရဲ့ စိစစ်အတည်ပြုချက်ရထားပြီးတဲ့ လုပ်ငန်းတွေ၊ ရာနှုန်းပြည့်ပြီးစီးတဲ့ လုပ်ငန်းတွေနဲ့ စာချုပ်မှာပါတဲ့ နှစ်ဦးနှစ်ဖက် တရားဝင်လွှဲပြောင်းထားတဲ့ လုပ်ငန်းတွေကိုပဲ စာရင်းစစ်ရုံးက စစ်ခွင့်ရှိတာကြောင့် ဒီအချက်တွေနဲ့မကိုက်ညီတဲ့ လုပ်ငန်းပေါင်း ၂၁၃ ခု၊ တန်ဖိုး ကျပ်သန်းပေါင်း ၄ သောင်းကျော်ဖိုးကို မစစ်နိုင်ခဲ့ဘူး"ဟု တင်ပြခဲ့သည်။

ဦးဇော်ဝင်းက "မစစ်ဆေးနိုင်တဲ့လုပ်ငန်း ၂၁၃ ခုရှိတာမှာ ပြည်နယ်အစိုးရအဖွဲ့ရုံးအောက်မှာ ၁၄၂ ခုနဲ့ အများဆုံးရှိပြီး ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၂၀၂၄၈ ဒသမ ၀၉၉ လို့ စိစစ်ထားကြောင်း တွေ့ရပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်တွင်းမှာရှိတဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အပါအဝင် ဌာနပေါင်း ၈ ခု၊ ငွေလုံးငွေရင်း ရန်ပုံငွေ လုပ်ငန်းပေါင်း ၂၀၅ ခုမှာ ပြည်နယ်အစိုးရအဖွဲ့ကိုယ်တိုင်ကိုင်ပြီး လုပ်ငန်းပေါင်း ၈၀ တာဝန်ယူလုပ်ကိုင်ခဲ့တာ၊ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက် ၁/၂၀၁၇ ကို မလိုက်နာဘဲ အထွေထွေပိုလျှံရန်ပုံငွေက ရရှိခဲ့တဲ့ ရန်ပုံငွေနဲ့လုပ်ငန်းပေါင်း ၁၁ ခု၊ ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၄၃၈၇ ဒသမ ၈၁၀ ရှိတဲ့ လုပ်ငန်းတွေကို တင်ဒါမခေါ်ဘဲ အစိုးရအဖွဲ့ရဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ အစည်းအဝေးအမှတ် ၃၅/၂၀၁၇ အရဆိုပြီး လုပ်ငန်းအပ်နှံကြိုတင်ဆောင်ရွက်ခဲ့တာကို ဘွင်းဘွင်းရှင်းရှင်း လယ်ပြင်မှာ ဆင်သွားသလို စိစစ်အစီရင်ခံထားပါတယ်"ဟု ဆိုသည်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ် တော်တော်များများသည် မိမိဒေသမှ စီမံကိန်းများ မပြီးခြင်း၊ အရည်အသွေးမပြည့်မီခြင်းတို့ကို ဝေဖန်ထောက်ပြမှု မလုပ်ခဲ့သည့်အတွက် အပြန်အလှန်ထိန်းကျောင်းမှု အလွန်အားနည်းနေသည်ဟု ၎င်းကပြောသည်။

(ကိုးကား-http://burmese.dvb.no)